**Press Release**

# Yangon Aerodrome Company Limited (YACL) ၏ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဂန်ဆောင်မှု နှင့် စီမံခန့်ခွဲမှုလုပ်ငန်းများ တာဂန်ယူဆောင်ရွက်ခြင်း ၃နှစ်ပြည့် အခမ်းအနား ကျင်းပပြုလုပ်

**ရန်ကုန် - ၇ အောက်တိုဘာ ၂၀၁၈ -** Yangon Aerodrome Company Limited (YACL) သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဂန်ဆောင်မှု နှင့် စီမံခန့်ခွဲမှုလုပ်ငန်းများ တာဂန်ယူဆောင်ရွက်ခြင်း ၃ နှစ်ပြည့်အခမ်းအနားကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် Lotte Hotel ၌ ကျင်းပပြုလုပ်ခဲ့ပြီး လေကြောင်းပို့ဆောင်ရေးနယ်ပယ်မှ တာဂန်ရှိသူများ နှင့် ခရီးသွားလာရေးလုပ်ငန်းမှ တာဂန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်ဆောင်မှု နှင့် စီခံခန့်ခွဲမှုလုပ်ငန်းများကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့တွင် Yangon Aerodrome Company Limited (YACL) သို့ မြန်မာနိုင်ငံ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တရားဝင်လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ထိုကဲ့သို့ လွှဲပြောင်းပေးအပ်မှုကို မြန်မာနိုင်ငံ ပို့ဆောင်ရေး နှင့် ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ဆောင်ရွက်ခဲ့သည့် Public - Private Partnershop ("PPP") တင်ဒါစနစ်အရ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည့် Concession Agreement နှင့်အညီ ပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။

YACL ၏ သုံးနှစ်ပြည့်အထိမ်းအမှတ်ညစာစားပွဲကို ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ လေကြောင်းရဲများ၊ အကောက်အခွန်နှင့် လူဝင်မှုကြီးကြပ်ရေး၊ လေကြောင်းလိုင်းများ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန် ဆောင်မှု စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ပါဝင်ကူညီပေးကြသော မိတ်ဖက်လုပ်ငန်းများမှ တက်ရောက်ချီးမြှင့်ခဲ့ကြပါသည်။

YACL ၏ သုံးနှစ်ပြည့်အထိမ်းအမှတ်ညစာစားပွဲနှင့်အတူ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန နှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့သည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လတ်တလောလုပ်ဆောင်ချက်ဖြစ်သည့် "Be Enchanted" ဟူသည့် ဆောင်ပုဒ်ကိုလည်း ပွဲထုတ်မိတ်ဆက်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ အဓိကဝင်ပေါက်ဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အနေဖြင့် မြန်မာနိုင်ငံ၏ သဘာဝအလှတရားများ ရင်းနှီးပျူငှာမှုများ နှင့် ဧည့်ဝတ်ကျေပွန်မှုများကို ဖော်ညွှန်းလျက်ရှိသည့် "Be Enchanted" ဟူသည်ဆောင်ပုဒ်အား အကောင်အထည်ဖော်ဆောင်ရာတွင် ပါဝင်ခွင့်ရသည့်အတွက်လည်း ဝမ်းမြောက်ဂုဏ်ယူလျက်ရှိပါသည်။







*ဟိုတယ် နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် နှင့် ပို့ဆောင်ရေး နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးတို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ဖွံ့ဖြိုးတိုးတက်လာမှုများအတွက် YACL သို့ ဂုဏ်ပြုစကားများ ပြောကြားပေးခဲ့ပါသည်။*

ဂုဏ်ပြုညစာစားပွဲတွင် ဟိုတယ် နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးတို့မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ဖွံ့ဖြိုးတိုးတက်လာမှုများအတွက် YACL သို့ ဂုဏ်ပြုစကားများ ပြောကြားပေးခဲ့ပါသည်။


For media queries, please contact the **YACL Media Office** at media.relations@yangon.aero

Yangon Aerodrome Company Limited ၏ CEO Mr. Ho Chee Tong နှင့် COO Mr. Jose Angeja တို့မှ မြန်မာနိုင်ငံ၏ အဓိကဝင်ပေါက်ဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၏ အောင်မြင်မှုအတွက် ပူးပေါင်းပါဝင်ပေးခဲ့ကြသူများကို ဝမ်းမြောက် ကျေးဇူးတင်စွာဖြင့် YACL ၏ ၃ နှစ်ပြည့်အထိမ်းအမှတ်မှတ်တမ်း ဗီဒီယို ၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ တိုးတက်မှုအဆင့်ဆင့် မှတ်တမ်းနှင့် သတ်မှတ်ထားသည့်ခရီးသည် ပမာဏအထိ ကိုင်တွယ်ပေးနိုင်ရန် ပြင်ဆင်မှုများကို တင်ပြခဲ့ပါသည်။

Yangon Aerodrome Company Limited ၏ ဥက္ကဌ ဦးထွန်းမြင့်နိုင်မှလည်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ အောင်မြင်မှုအတွက် ပူးပေါင်းပါဝင်ခဲ့ကြသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။ Yangon Aerodrome Company Limited အနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေ နှင့်အညီ Public - Private - Partnership (PPP) model တစ်ခု အနေဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် ရေရှည်အခြေခံအဆောက်အအုံ စီမံကိန်း အဖြစ် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းထပ်လောင်းပြောကြားခဲ့ပါသည်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့်အတူ အခြား အပြည်ပြည်ဆိုင်ရာလေဆိပ် ၂ခု ဖြစ်သည့် MC-Jalux Airport Service Company Limited (Mr. Futoshi Hiro မှကိုယ်စားပြုတက်ရောက်) မှတာဝန်ယူ ဆောင်ရွက်လျက်ရှိသော မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ် နှင့် Pioneer Aerodrome Service Company Limited မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်တို့ မှ မြန်မာနိုင်ငံ ၏ အပြည်ပြည်ဆိုင်ရာလေဆိပ် ၃ခု အနေဖြင့် အနေဖြင့် လေကြောင်းခရီးသွားလာရေးနယ်ပယ်မှ သက်ဆိုင်ရာတာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားပြီး မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေး နှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

**ဒေသခံပြည်သူလူထုအား ကူညီထောက်ပံ့ခြင်း**

အဆိုပါ ဂုဏ်ပြုညစာစားပွဲအပြင် YACL ၏ သုံးနှစ်ပြည့်အထိမ်းအမှတ် လှူဒါန်းမှုများပြုလုပ်ရန် အေးရှားဝေါလ်ဖောင်ဒေးရှင်း မှ ဆောင်ရွက်လျက်ရှိသည့် လူထုအကျိုးပြု ပရဟိတလုပ်ငန်းများအနက်မှ တစ်ခုအနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အနီးပတ်ဝန်းကျင်ရှိ ဒေသခံများ၏ လိုအပ်ချက်များအနက်မှ ပညာရေး နှင့် ကျန်းမာရေးထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အနီးပတ်ဝန်းကျင်ရှိ စာသင်ကျောင်းများ နှင့် ဒေသခံများအား သွားရောက်လှေ့လာခဲ့ပါသည်

မြန်မာနိုင်ငံ၏ ပိုမိုကောင်းမွန်သော အနာဂတ်ကို ဖော်ဆောင်ရာတွင် အရေးပါဆုံးဖြစ်သည့် မြန်မာနိုင်ငံသူ နိုင်ငံသားများအား စွမ်းဆောင်ရည်မြှင့်တင်ပေးရာတွင် ပညာရေးသည် အခြေခံအုတ်မြစ်ဖြစ်သည် ဟု YACL အနေဖြင့် ယုံကြည်ပါသည်။

အဆိုပါ သွားရောက်လေ့လာစစ်တမ်းကောက်ယူမှုများမှ လေ့လာတွေ့ရှိချက်များအရ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂ ရက် နှင့် ၃ ရက် နေ့များတွင် Yangon Aerodrome Company Limited ၏ ပထမဆုံးခြေလှမ်းအဖြစ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ပတ်ဝန်းကျင်ရှိ ကျောင်းများမှ ပညာရေးအထောက်အပံ့လိုအပ်နေသော ကလေးငယ် တစ်ထောင်ကျော် အတွက် ပညာရေးဆိုင်ရာ ထောက်ပံ့ကြေး နှင့် ကျောင်းသုံးစာရေးကိရိယာ များကို စတင်လှူဒါန်းခဲ့ပါသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အနေဖြင့် ပြည်သူလူထုအတွက် လိုအပ်သော ပံ့ပိုးမှုများကို အေးရှားဝေါလ် ဖောင်ဒေးရှင်းမှတဆင့် ရေရှည် စဉ်ဆက်မပြတ် ပေးအပ်သွားရန် မျှော်မှန်းထားပါသည်။

– END –

## Yangon Aerodrome Company Limited (YACL)

***Setting the standard for high performance***

Yangon Aerodrome Company Limited (YACL) သည် မြန်မာနိုင်ငံသို့ အဓိကဂင်ပေါက်ဖြစ်သည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား စီမံခန့်ခွဲလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အကြီးမားဆုံးနှင့် အစည်ကားဆုံးလေဆိပ် ဖြစ်သည်နှင့်အညီ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် အခြေခံအဆောက်အအုံ ၊အဖွဲ့အစည်းနှင့် စီမံခန့်ခွဲမှုအစရှိသော အဓိက နယ်ပယ်များတွင် အကောင်းမွန်ဆုံးဆောင်ရွက်နိုင်ရန် စွမ်းဆောင်ရည်မြင့်မားနေစေရေးစံချိန်စံညွှန်းများ ချမှတ် ဆောင်ရွက်လျက်ရှိပါသည်။

လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းတွင် မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်သော ခရီးသွားဦးရေသည် ပုံမှန်တိုးတက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ရေရှည်တိုးတက်မှုများ ကြုံတွေ့လာနိုင်သည့်အားလျော်စွာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်အနေဖြင့် တစ်နှစ်လျှင် ခရီးသည်ပေါင်း သန်း ၂၀ ကို ဂန်ဆောင်မှုပေးနိုင်ရန်၊ ခရီးသည်များနှင့် လေကြောင်းလိုင်းများအတွက် အရည်အသွေးပြည့်ဝသော ဂန်ဆောင်မှုများပေးနိုင်ရန် မျှော်မှန်းတည်ဆောက်ထားခြင်းဖြစ်ပါသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ကမ္ဘာ့လူဦးရေ၏ သုံးပုံ နှစ်ပုံ နေထိုင်ရာ အိန္ဒိယနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံကြားတွင် မဟာဗျူဟာမြောက်စွာတည်ရှိနေပြီး တိုကျို၊ ဒူဘိုင်း၊ စင်္ကာပူ၊ ဘေကျင်းနှင့် နယူးဒေလီအစရှိသော မြို့ကြီးများနှင့်လည်း ၆နာရီကြာ ပျံသန်းချိန်အကွာအဝေးအတွင်း၌သာ တည်ရှိနေပါသည်။ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၂၈ လိုင်း နှင့် အပြည်ပြည်ဆိုင်ရာ ခရီးစဉ်

၂၆ ခုအား ဂန်ဆောင်မှုပေးလျက်ရှိသော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ၂၀၁၇ ခုနှစ်အတွင်း ခရီးသည်စုစုပေါင်း ၅.၉၂ သန်းကို ဂန်ဆောင်မှုပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။